# ကလေးသူငယ်ဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု

ရက်စွဲ။ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်


## အကျဉ်းချုပ်

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံ၌ပြည်သူအများ အထူးစိတ်ဝင်စားလျက်ရှိနေသော အကြောင်းအရာတစ်ခုဖြစ်နေသည့် ကလေးသူငယ်အကြမ်းဖက်မှု/မုဒိမ်းမှုနှင့်ပတ်သက်၍ ရှာဖွေတွေ့ရှိသောအချက်အလက်များကိုစုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် ကလေးသူငယ်ဟူသောဝေါဟာရ၏အဓိပ္ပါယ်ဖွင့်ဆိုမှု၊ အကြမ်းဖက်မှုဖြစ်မြောက်စေသောအကြောင်းအရာများ၊ ကလေးအလုပ်သမားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ပြဋ္ဌာန်းဥပဒေများတွင် ကလေးသူငယ်များအားအကာအကွယ်ပြုထားပုံ၊ ဥပဒေများ၏လိုအပ်ချက်များကို ပညာရှင်များမှသုံးသပ်တင်ပြထားခြင်းကိုဖော်ပြထားပါသည်။ ကလေးသူငယ်အကြမ်းဖက်မှုအပေါ် ပြည်သူလူထု၏ခံစားချက်များ၊ မီဒီယာများ၏ဖော်ပြချက်များ၊ အစိုးရပိုင်းမှကိုင်တွယ်ဖြေရှင်းရန်ပြုလုပ်ထားချက်များနှင့် NGO/INGO များ၏ဆောင်ရွက်ချက်များကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ အိမ်နီးချင်းနိုင်ငံများ၏ကလေးသူငယ်ဆိုင်ရာ အကြမ်းဖက်မှုများနှင့် ဒီမိုကရေစီသက်တမ်းရင့်နိုင်ငံများ၏သက်ငယ်မုဒိမ်းမှုအပေါ် ချမှတ်ထားသောပြစ်ဒဏ်များကို ထည့်သွင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ဖြစ်ပွားနေသော ကလေးသူငယ်အကြမ်းဖက်မှု၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုများပပျောက်စေရန် ရည်ရွယ်လျက်ရှိထားသော သတင်းအချက်အလက်၊ ဗဟုသုတများကို ထပ်ဆင့်ဝေမျှခြင်းဖြစ်ပါသည်။



**ရေးသားပြုစုသူ- ဒေါ်ခင်ကြည်ထွန်း (LL.M)၊ ဒေါ်ခိုင်ဝေနိုင် (LL.M)**


**သုတေသနစာတမ်းတိုအမှတ် ( ၁၆ )**

# မာတိကာ


| စဉ် | အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ကလေးအလုပ်သမားများ၊ကလေးသူငယ်အကြမ်းဖက်မှုနှင့် နောက်ကွယ်၏ အကြောင်းအရာများ | ၆ |
| ၃။ | မုဒိမ်းမှု | ၈ |
| ၄။ | ကလေးသူငယ်များနှင့် အမျိုးသမီးအား အကာအကွယ်ပေး ထားသောဥပဒေများ | ၈ |
| ၅။ | သက်ငယ်မုဒိမ်းမှုနှင့်ပြစ်ဒဏ်များ | ၁၁ |
| ၆။ | အစိုးရ၏ ဆောင်ရွက်ချက်များ | ၁၂ |
| ၇ | ပြည်သူလူထု၊ မီဒီယာများ၏ အမြင်များ | ၁၃ |
| ၈။ | NGO/INGO အဖွဲ့များ၏ ဆောင်ရွက်ချက်များ | ၁၅ |
| ၉။ | မြန်မာနိုင်ငံကထုတ်ပြန်၊ ပြဋ္ဌာန်းသောဥပဒေများအပေါ် သုံးသပ်ချက်များ | ၁၇ |
| ၁၀။ | ပြည်ပနိုင်ငံများ၌ ကလေးငယ်များအပေါ် တွေ့ရသော အကြမ်းဖက်မှုများနှင့် ပြစ်ဒဏ်များ | ၁၉ |
| ၁၁။ | သက်ငယ်မုဒိမ်းမှုနှင့် Pedophilic Disorder (ကလေးသူငယ်များအပေါ် ကာမစိတ်ညွှတ်ခြင်း) | ၂၁ |
| ၁၂။ | နိဂုံး | ၂၃ |

## နိဒါန်း

၁။ ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်ခြင်း (child abuse) ဟူသောကဏ္ဍတွင် အမိပ္ပါယ်များစွာ ၊ ဖြစ်ရပ်များစွာပါဝင်ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ဆိုသည်မှာ မွေးကင်းစမှ အသက်ရှစ်နှစ်ပြည့်သည်အရွယ်အထိ ရှိသူကိုဆိုပါသည်။[၁] ကလေးသူငယ်(child) ဆိုသည်မှာ အသက် ၁၆နှစ် မပြည့်သေးသောသူကိုဟုခေါ်ပြီး၊ လူငယ်ဆိုသည်မှာ အသက်၁၆ နှစ်ပြည့်ပြီး အသက် ၁၈နှစ်မပြည့်သေးသောသူကိုဆိုပါသည်။[၂] ပြစ်မှုဆိုင်ရာဥပဒေ (The Penal Code)တွင် အရွယ်မရောက်သေးသောသူကို အသက် ၁၈နှစ်အောက်ဟု သတ်မှတ်ပါသည်။[၃] အမျိုးသမီးတစ်ယောက်သည် မိမိ၏သဘောဆန္ဒအရ အိမ်ထောင်ပြုရန်မှာ အသက်၂၀နှစ် ပြည့်မှသာအခွင့်ရှိပါသည်။[၄] ထိုအမျိုးသမီးသည် အိမ်ထောင်ပြုရန်ဆန္ဒရှိပါသော်လည်း အသက် ၂၀ နှစ်မပြည့်ပါက မိဘ (သို့မဟုတ်) အုပ်ထိန်းသူ၏ခွင့်ပြုချက်ကို ယူရမည်ဖြစ်ပါသည်။

၂။ ညှဉ်းပန်းနှိပ်စက်ခြင်း (Abuse) ကို အလွဲသုံးစားပြုခြင်း၊ စော်ကားခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ မတော်မတရားပြုခြင်း၊ မတရားဖိနှိပ်ခြင်း၊ မတော်တရော်အကြမ်းပတမ်းကိုင်တွယ်အသုံးပြုခြင်းနှင့် မဟားတရားပြုလုပ်ခြင်းစသည်ဖြင့် အဓိပ္ပါယ်များစွာတွေ့ရှိနိုင်ပါသည်။[၅] ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်ခြင်းကိစ္စရပ်များသည် ပြည်ပနိုင်ငံများ၌သာ ဖြစ်ပျက်နေသည်ဟုကြားသိရသော်လည်း မြန်မာနိုင်ငံတွင်လည်း ယခင်အချိန်ကတည်းပင်ရှိနေနိုင်ပါသည်။ သို့သော်အဆိုပါကိစ္စများနှင့်ပတ်သက်၍ အသိပညာဗဟုသုတအားနည်းမှု၊ သတင်းအချက်အလက်ထုတ်ပြန်မှုအားနည်းခြင်းနှင့် တိုင်ကြားမှုများမရှိခဲ့သည့်အတွက် ကျယ်ကျယ်ပြန့်ပြန့်မသိရှိခဲ့ရခြင်းသာဖြစ်သည်။

၃။ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားမှုအများဆုံး အမှုကြီးများကို အောက်ပါအတိုင်းတွေ့ရပြီး မုဒိမ်းမှုများမြင့်တက်လာသည်ကိုတွေ့ရပါသည်။[၆]

---

*၁။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ*
*၂။ ကလေးသူငယ်ဥပဒေ (၁၉၉၃ခုနှစ် ၊ ဇူလိုင်လ ၁၄ ရက်)*
*၃။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၆၆(က)၊ ပုဒ်မ ၃၇၂၊ ပုဒ်မ ၃၇၃*
*၄။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ*
*၅။ By San Lwin (Myanmar Language Commission)၊ပညာရေးဝန်ကြီးဌာန၊မြန်မာစာအဖွဲ့ဦးစီးဌာန၊ ခရီးဆောင် အင်္ဂလိပ်-မြန်မာ အဘိဓာန်*
*၆။ ပြည်ထဲရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊မှုခင်းဌာန သို့ ၁.၁၂.၂၀၁၆ ရက်နေ့မေးမြန်းချက်*

## ၂၀၁၅ခုနှစ်တွင်ဖြစ်ပွားမှုအများဆုံးအမှုကြီးများ




## ၂၀၁၆ခုနှစ်၊ အောက်တိုဘာလအထိဖြစ်ပွားမှုအများဆုံးအမှုကြီးများ




၄။ အထက်ဖော်ပြပါဇယားတွင် ၂၀၁၅ခုနှစ် နှင့်၂၀၁၆ခုနှစ်၊ အောက်တိုဘာလအထိ လူသတ်မှုနှင့်မုဒိမ်းမှုများကိုနှိုင်းယှဉ်ကြည့်ပါက လူသတ်မှုသည် ၆၀ရာခိုင်နှုန်းမှ ၅၂ရာခိုင်နှုန်း ထိကျဆင်းသွားခဲ့သော်လည်း မုဒိမ်းမှုသည် ၃၂ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ သည်။ ထို့အပြင်၂၀၁၆ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် မုဒိမ်းမှုများသည် နေရာ အနှံ့အပြားတွင်ဖြစ်ပွားလျက်ရှိပါသည်။[7] ထိုမုဒိမ်းမှုများတွင် ကျူးလွန်ခံရသူများမှာ အသက် ၁နှစ်ခွဲ မှ ၁၄နှစ်အောက် မိန်းကလေးများဖြစ်ကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ သိရှိရ ပါသည်။

*၇။ ပြည်ထဲရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှုခင်းဌာန သို့ ၁.၁၂.၂၀၁၆ ရက်နေ့မေးမြန်းချက်*

၅။ ယခုအခါ မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုများနှင့် ကလေးသူငယ်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို သတင်းစာ၊ ဂျာနယ်များနှင့် အခြားလူမှုကွန်ယက်များ၏ဖော်ပြချက်အရ များစွာဖြစ်ပွားနေသည်ကိုတွေ့ရှိရပြီးနောက် သက်ငယ်မုဒိမ်းမှုများမှာ ကြောက်ခမန်းလိလိ မြင့်တက်လာသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။ အောက်ဖော်ပြပါဇယားသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအထိ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ဖြစ်ပေါ်ခဲ့သော အသက်(၁၈)နှစ်အောက်သက်ငယ်မုဒိမ်းမှု အရေအတွက်စုစုပေါင်းများဖြစ်ပါသည်။[၈]

| စဉ် | ပြည်နယ်နှင့်တိုင်းဒေသကြီးများ | ၂၀၁၄ခုနှစ် အမှုအရေအတွက် | ၂၀၁၅ခုနှစ် အမှုအရေအတွက် | ၂၀၁၆ခုနှစ် အမှုအရေအတွက် | ၂၀၁၇ခုနှစ် ဇန်နဝါရီလထိ အမှုအရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကချင် | ၁၅ | ၂၈ | ၁၄ | ၄ |
| ၂။ | ကယား | ၁ | ၂၈ | ၄ | - |
| ၃။ | ကရင် | ၁၁ | - | ၁၀ | ၃ |
| ၄။ | ချင်း | ၂ | ၄ | ၅ | ၁ |
| ၅။ | မွန် | ၁၄ | ၂၀ | ၃၁ | ၅ |
| ၆။ | ရခိုင် | ၂၃ | ၁၀ | ၂၄ | ၁ |
| ၇။ | ရှမ်း | ၂၀ | ၆၀ | ၅၃ | ၅ |
| ၈။ | မကွေး | ၂၂ | ၃၃ | ၄၇ | ၄ |
| ၉။ | စစ်ကိုင်း | ၃၅ | ၄၀ | ၆၄ | ၁ |
| ၁၀။ | ပဲခူး | ၃၅ | ၃၂ | ၅၀ | ၁၁ |
| **၁၁။** | **မန္တလေး** | **၂၇** | **၅၃** | **၇၅** | **၅** |
| **၁၂။** | **ရန်ကုန်** | **၅၈** | **၇၄** | **၁၆၀** | **၂၀** |
| ၁၃။ | တနင်္သာရီ | ၄ | ၁၁ | ၁၅ | ၃ |
| **၁၄။** | **ဧရာဝတီ** | **၆၃** | **၈၄** | **၉၁** | **၁၄** |
| ၁၅။ | နေပြည်တော် | ၄ | ၉ | ၂၈ | ၄ |
| | **စုစုပေါင်း** | **၃၃၄** | **၄၈၆** | **၆၇၁** | **၈၁** |

---

၈။ *ပြည်ထဲရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှုခင်းဌာန သို့ ၁.၁၂.၂၀၁၆ ရက်နေ့မေးမြန်းချက်*

အထက်ပါဇယားအရ သက်ငယ်မုဒိမ်းမှုအရေအတွက်သည် နှစ်စဉ်သိသာစွာတိုးပွားမှုဖြစ်ပေါ်လျက်ရှိကြောင်းတွေ့ရှိရပြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများထက် သက်ငယ်မုဒိမ်းမှုပိုမိုဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပါသည်။

**ကလေးအလုပ်သမားများ၊ ကလေးသူငယ်အကြမ်းဖက်မှုနှင့် နောက်ကွယ်၏အကြောင်းအရာများ**



Source:https://www.google.com.mm/search?q=child+abuse+in+myanmar&espv=2&biw=1600&bih=794&source=lnms&tbm=isch&sa=X&ved=0ahUKEwinkavdqr7RAhVEso8KHWhxBWUQ_AUIBygC#imgrc=3lSHOKXE3nUj3M%3A

၆။ ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်ခြင်းတွင် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ သို့မဟုတ် လိင်ပိုင်းဆိုင်ရာစော်ကားခြင်းဖြင့် ကလေးများ၏စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေထိခိုက်စေခြင်း စသည်တို့ပါဝင်သည်။ လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုတွင် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများနှင့်ဆက်စပ်၍ စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုကိုဖြစ်ပွားစေသည်။ အသက်မပြည့်သေးသောကလေးများကိုအိမ်ထောင်ပြုရန် ဖိအားပေးခြင်းနှင့် ရိုးရာဓလေ့ထုံးတမ်းအခြေအနေများသည်လည်း ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်ခြင်းအမျိုးအစားတွင်ပါဝင်သည်။[၉]



Source:https://www.discretesearch.com/images?eq=Q3FUCK8Bu3Vnaz0G2u7vCw%3D%3D

၇။ ကလေးအလုပ်သမားများသည် အမျိုးမျိုးသော ပုံစံဖြင့်ရှိနေဆဲပင်ဖြစ်ပါသည်။ ကလေးများသည် အမှိုက်ပုံ၊ ကျောက်ခွဲသည့်နေရာ၊ အသေးစားစက်ရုံများ၊ ကားပြုပြင်သည့်အလုပ်ရုံ၊ သင်္ဘောဆိပ်ကမ်းတို့တွင် ကုန်ထမ်းသည့်နေရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အလုပ်လုပ်ကြပါသည်။ အသိပညာမရှိသောမိဘအချို့သည် ၎င်းတို့လမ်းပေါ်ထွက်၍အလှူခံကြရာတွင် (တောင်းရမ်းစားသောက်ခြင်း) ၎င်းတို့၏ကလေးများကိုပါခေါ်ကြသည်။ အခြားသောကလေးများသည် ပြည့်တန်ဆာများအဖြစ်သော်လည်းကောင်း၊ အိမ်အကူများအဖြစ်သော်လည်းကောင်း ခိုင်းစေခံနေရလျက်ရှိသည်။[၁၀]

---

၉။ https://www.terredeshommes.nl/en/themes-overview/child-abuse?gclid=CIOa9Ky0r9ACFdASaAod0QYFkw

၁၀။ https://www.terredeshommes.nl/en/themes-overview/child-labour

၈။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကိစ္စများတွင် အကြောင်းအရာပြသနာများသည် အလွန်ရှုပ်ထွေးလျက်ရှိပါသည်။ သို့သော် ၎င်းကိစ္စများသည် ဆင်းရဲနွမ်းပါးခြင်းနှင့် အထူးသဖြင့် မိန်းကလေးငယ်များ၏ပညာရေးကို လျစ်လျူရှုထားခြင်းများနှင့် ဆက်စပ်လျက်ရှိပါသည်။ အာရှတိုက်ရှိမိန်းကလေးငယ်များသည် ယောကျ်ားလေးများထက်နိမ့်ကျသည်ဟုထင်မြင်ခံစားကြရသောကြောင့် သူတို့ကိုယ်တိုင်ရပ်တည်ရန်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များချမှတ်ခြင်းများကိုမပြုလုပ်ပေ။ အာရှတိုက်တွင် ဘာသာရေးနှင့်ရှေးရိုးစွဲမှုများသည် အလွန်ဩဇာလွှမ်းမိုးထားခြင်းသည်လည်း အဓိကအချက်တစ်ခုဖြစ်ပါသည်။ အစိုးရပိုင်းကလည်း ကလေးသူငယ်များကိုလိင်ပိုင်းဆိုင်ရာပြုမူခြင်းကိစ္စရပ်များကို တားဆီးရန်ဖြစ်မြောက်အောင်မဆောင်ရွက်နိုင်သေးပေ။ အာရှနိုင်ငံအများစုသည် အခြားပြသာနာများနှင့် လိင်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုကိုကိုင်တွယ်တုံ့ပြန်ဖြေရှင်းရန် ဥပဒေဆိုင်ရာအခွင့်အရေးကိုရရှိသော်လည်း ဗဟုသုတနည်းပါးမှု၊ ပညာသင်ကြားနိုင်မှု၊ ငွေကြေးစသည့်အခက်အခဲများကြောင့် ထိုအခွင့်အရေးများကိုအပြည့်အဝမရရှိကြပါ။ မိန်းကလေးအများစုသည် စောစီးစွာအိမ်ထောင်ပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏နောက်ဆက်တွဲကြီးမားသော ဒုက္ခအကျိုးဆက်ကိုခံစားကြရသည်။ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာနှစ်ခုလုံးခံစားကြရပြီး၊ အာရှတိုက်တွင် ထိုကိစ္စများသည် သူတစ်ပါးကိုမပြောအပ်သောအရာများဖြစ်သည်ဟုခံယူသောကြောင့်မိန်းကလေးငယ်များသည်ကူကယ်ရာမဲ့အခြေအနေနှင့်ကြုံတွေ့နေရပါသည်။[၁၁]

၉။ အရွယ်မရောက်သေးသောကလေးအား လက်ထပ်ရန်ဖိအားပေးခြင်း၊ ဆယ်ကျော်သက်များကို ကိုယ်ဝန်ဆောင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကိုအကြမ်းဖက်ခြင်း စသည်တို့သည် အာရှတိုက်ရှိ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလျက်ရှိပါသည်။ အရွယ်မရောက်သေးသောကလေးများ ထိမ်းမြားလက်ထပ်ခြင်းသည် သာမန်အကြောင်းအရာမျှသာဖြစ်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၇ရာခိုင်နှုန်းသောမိန်းကလေးငယ်များသည် ၁၅နှစ်မပြည့်မီ လက်ထပ်ထိမ်းမြားခြင်းပြုကြပါသည်။[၁၂]



Source:https://images.search.yahoo.com/yhs/search;_ylt=AwrTccuzzn1YqDcAz3oPxQt.?p=child+marriage&fr=yhs-adk-adk_sbnt&fr2=piv-web&hspart=adk&hsimp=yhs-adk_sbnt&type=em_appfocus45_ff#id=93&iurl=http%3A%2F%2F2.bp.blogspot.com%2F-U5tpynTlZgU%2FT5IN6mQ6emI%2FAAAAAAAABQY%2F6WXFsrwbFhk%2Fs1600%2Fchild-marriage.jpg&action=click

၁၁။ https://www.terredesommes.nl/en/programmes/child-abuse-asia

၁၂။ https://www.terredesommes.nl/en/programmes/child-abuse-asia

## မုဒိမ်းမှု

၁၀။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ အရ မုဒိမ်းမှုနှင့်ပတ်သက်၍ အဓိပ္ပါယ်ဖော်ပြထားသည်မှာ "ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတစ်ပါး၊ အောက်ဖော်ပြပါ အကြောင်းငါးရပ်တွင် သက်ဝင်သောအကြောင်းတစ်ရပ်ရပ်ဖြင့် ယောကျ်ားသည် မိန်းမနှင့် ကာမဆက်စပ်လျှင် ၊ ထိုသူသည် "မုဒိမ်းမှု"ကို ကျူးလွန်ပါသည်။ ၎င်းတို့မှာ မိန်းမကအလိုမတူငြင်းဆန်ခြင်း၊ မိန်းမကခွင့်မပြုခြင်း၊ မိန်းမကခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအားသေစေမည်ဟုသော်၎င်း၊ နာကျင်စေမည်ဟုသော်၎င်း ကြောက်ရွံ့အောင်ပြုသဖြင့်ခွင့်ပြုရခြင်း၊ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏လင်မဟုတ်ကြောင်းသိသည့်ပြင် ထိုမိန်းမကခွင့်ပြုခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော၊ သို့တည်းမဟုတ် ထိုသို့လက်ထပ်ထားသည်ဟုယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟုယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်းနှင့် မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက် ၁၆နှစ်အောက်[၁၃] အရွယ်ရှိသူဖြစ်ခြင်းတို့ဖြစ်ပါသည်။ အဆိုပါကိစ္စ၏ရှင်းလင်းချက်မှာ ယောကျ်ား၏အင်္ဂါဇာတ်သည် မိန်းမ၏အင်္ဂါဇာတ်တွင်သွင်းဝင်မိလျှင်၊ မုဒိမ်းမှုကျူးလွန်ခြင်းအတွက်လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန်လုံလောက်သည်ဟုပြဋ္ဌာန်းထားပြီး ကင်းလွတ်ချက်အနေဖြင့် ယောကျ်ားသည် အသက်၁၅နှစ်အောက်[၁၄]မဟုတ်သောမိမိ၏မယားနှင့်ကာမစပ်ယှက်ခြင်းမှာမုဒိမ်းမှုမဟုတ်" ဟု ဆိုထားပါသည်။[၁၅]

## ကလေးသူငယ်နှင့်အမျိုးသမီးများအား အကာအကွယ်ပေးထားသောဥပဒေများ



၁၃။ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆ ခုနှစ်ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆)
၁၄။ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆ ခုနှစ်ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆)
၁၅။ မြန်မာနိုင်ငံ ရာဇသတ်ကြီး

၁၁။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများအား အကာအကွယ်ပေးထားသော အောက်ပါဥပဒေများကို ပြဋ္ဌာန်းထားပါသည်။

(က) ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)အရ-

(၁) **ပုဒ်မ၈၂။** အသက်ခုနှစ်အောက် ကလေး၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်၊

(၂) **ပုဒ်မ၈၃။** အမြော်အမြင်အဆင်အခြင် မပြည့်စုံသေး၍၊ အသက် ၇ နှစ်အထက်၊ ဆယ့်နှစ်နှစ်အောက် အရွယ်ရှိသော ကလေး၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်၊

(၃) **ပုဒ်မ ၃၁၇။** မိဘက၊ သို့တည်းမဟုတ် ထိန်းသိမ်းသူက အသက်ဆယ့်နှစ်နှစ်အောက် ကလေးကိုစွန့်ပစ်ခြင်း၊

(၄) **ပုဒ်မ ၃၅၄။** မိန်းမ၏ကာယိန္ဒြေပျက်စီးစေရန်အကြံဖြင့် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုခြင်း၊

(၅) **ပုဒ်မ ၃၆၁။** ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှု၊

(၆) **ပုဒ်မ ၃၆၆။** အတင်းအဓမ္မထိမ်းမြားပေးစားရန် စသည်တို့အတွက်မိန်းမကိုခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု ၊ သို့တည်းမဟုတ် သွေးဆောင်မှု၊

(၇) **ပုဒ်မ၃၆၆(က)။** ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကိုရှာပေးခြင်း၊

(၈) **ပုဒ်မ၃၆၆(ခ)။** နိုင်ငံခြားမှ မိန်းကလေးကို နိုင်ငံတွင်းသွင်းမှု

(၉) **ပုဒ်မ ၃၆၇ ။** အပြင်းအထန်နာကျင်စေခြင်း၊ ကျွန်ပြုခြင်းစသည်တို့ကိုခံစေရန် လူကိုခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု၊

(၁၀) **ပုဒ်မ ၃၆၉။** အသက်ဆယ်နှစ်အောက်ကလေး၏ကိုယ်မှ ပစ္စည်းကိုခိုးရန်အကြံဖြင့် ထိုကလေးကိုခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု၊

(၁၁) **ပုဒ်မ၃၇၁။** အမြဲတစေ ကျွန်ရောင်းဝယ်မှု၊

(၁၂) **ပုဒ်မ ၃၇၂။** အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စစသည်များ အလို့ငှာရောင်းမှု၊

(၁၃) **ပုဒ်မ ၃၇၃။** အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စစသည်များ အလို့ငှာဝယ်မှု၊

(၁၄) **ပုဒ်မ၃၇၄။** ဥပဒေနှင့် ဆန့်ကျင်သောအတင်းအဓမ္မခိုင်းစေမှု၊

(၁၅) **ပုဒ်မ၃၇၅၊၃၇၆။** မုဒိမ်းမှု နှင့်ပြစ်ဒဏ်၊

(၁၆) **ပုဒ်မ၃၇၇။** ဓမ္မတာ နှင့် ဆန့်ကျင်သော ပြစ်မှု၊

(၁၇) **ပုဒ်မ ၄၉၁ ။** အားကိုးရာမဲ့ဖြစ်သူကိုပြုစုကြည့်ရှု၍ ၊ အလိုရှိသည့်အရာများကိုဖြည့်စွမ်းရန်ဖြစ်သော ပဋိညာဉ်ကိုဖေါက်ဖျက်မှု၊

(၁၈) **ပုဒ်မ ၄၉၆ ။** တရားဝင်ထိမ်းမြားခြင်းမမြောက်ဘဲ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်ထိမ်းမြားခြင်း အခမ်းအနားကိုခံယူမှု၊

(၁၉) **ပုဒ်မ ၄၉၈ ။** ရာဇဝတ်မကင်းသောအကြံနှင့် တရားဝင်မယားကိုဖြားယောင်းခြင်းဖြင့် ထွက်သွားစေခြင်း၊ သို့တည်းမဟုတ် ဆောင်ယူသွားခြင်း၊ သို့တည်းမဟုတ် တားဆီးခြင်း၊

(၂၀) **ပုဒ်မ ၅၀၉ ။** မိန်းမတို့ ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သောစကား၊ သို့တည်းမဟုတ် ကိုယ်အမူအရာ၊ သို့တည်းမဟုတ် ပြုလုပ်မှု။

(ခ) ၁၉၉၃ ခုနှစ်၊ကလေးသူငယ်ဆိုင်ရာဥပဒေ (၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၅ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)၊

(ဃ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)။

## သက်ငယ်မုဒိမ်းမှုနှင့်ပြစ်ဒဏ်များ



**Source**:https://www.google.com.mm/search?q=child+rape+victim&espv=2&biw=1600&bih=794&source=lnms&tbm=isch&sa=X&ved=0ahUKEwj2_oWu4MjRAhWGrY8KHXLsCA0Q_AUIBigB#imgrc=sduBF7qVyx9ARM%3A

၁၂။ သက်ငယ်ကလေးများအား အနိုင်အထက်ပြုခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ သီးသန့်ဥပဒေမရှိပါ။ အရွယ်မရောက်သေးသောမိန်းကလေး(၁၈နှစ်အောက်)ကိုမုဒိမ်းမှုကျူးလွန်ပါက ပြစ်မှုဆိုင်ရာဥပဒေအရသာပြစ်ဒဏ်ချမှတ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆တွင် ပြဋ္ဌာန်းထားသည်မှာ "မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ်အနှစ်နှစ်ဆယ်ဖြစ်စေ[၁၆]၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍၊ အသက်တစ်ဆယ့်နှစ်နှစ်အောက်မဟုတ်လျှင်မူကား မုဒိမ်းကျင့်သောထိုလင်ကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်" ဟုဖော်ပြထားပါသည်။

၁၃။ အရွယ်မရောက်သေးသောကလေးများအား မုဒိမ်းမှုကျူးလွန်ရာတွင် အမျိုးသမီးများဖြစ်ပါက ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရန် ပုဒ်မ ၃၇၅၊ ပုဒ်မ ၃၇၆ ရှိသော်လည်း အမျိုးသားများအားကျူးလွန်သော အဓမ္မမှုများအတွက် သီးသန့်ဥပဒေကို ပြစ်မှုဆိုင်ရာဥပဒေတွင်ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် အမျိုးသားများအားကျူးလွန်မှုများအတွက်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇ (ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှုများ)အရ အရေးယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

၁၄။ ထို့အပြင် ၁၉၉၃ခုနှစ်တည်ဆဲကလေးသူငယ်ဥပဒေအရ ကလေးသူငယ်များအား ညစ်ညမ်းသောဓါတ်ပုံ၊ ဗွီဒီယိုစသည် တစ်ခုခုရိုက်ကူးထုတ်လုပ်ဖြန့်ချီခြင်း၊ သို့မဟုတ်

---

*၁၆ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆ ခုနှစ်၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆)*

ကလေးသူငယ်တစ်ယောက်ကို ပြည့်တန်ဆာအဖြစ် သွတ်သွင်းရောင်းချခြင်း ပြစ်မှုကိုကျူးလွန်ပါက ထောင်ဒဏ်(၂)နှစ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀ ကိုဖြစ်စေ ၊ နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်ပါသည်။ ကလေးသူငယ်ဥပဒေအရ ကလေးငယ်တစ်ယောက်ကို မုဒိမ်းမှုကျူးလွန်ပါကပြစ်ဒဏ် ချမှတ်ရန် တိတိကျကျပြစ်ဒဏ် ဖော်ပြထားခြင်းမရှိပါ။[၁၇] သို့သော် ပြစ်မှုဆိုင်ရာဥပဒေအရ ထောင်ဒဏ်နှစ် (၂၀)အထိ ချမှတ်နိုင်ပါသည်။[၁၈]

## အစိုးရ၏ဆောင်ရွက်ချက်များ

၁၅။ အရွယ်မရောက်သေးသောကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ ကျူးလွန်သူများကို ပြင်းပြင်းထန်ထန်အရေးယူနိုင်ရန်စီစဉ်နေကြောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက "သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေမှာ ပြစ်မှုနှင့်ပြစ်ဒဏ်အားသီးခြားဖော်ပြထားခြင်းမရှိပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရသာ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုပြင်ဆင်လျက်ရှိတဲ့ ကလေးသူငယ်များ အခွင့်အရေးများဆိုင်ရာ ဥပဒေအခန်း ၂၈ ၊ ပုဒ်မ ၁၃၈ မှာ မည်သူမဆို ကလေးသူငယ်အား မုဒိမ်းမှုကျူးလွန်သူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။ အဲဒီပြင်ဆင်ချက်တွေအပေါ်မှာ သဘောထားအကြံပြုနိုင်ဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ထားပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဤဥပဒေနဲ့ပတ်သက်၍ အကြံပြုချက်များပေးပို့ရာမှာ သက်ငယ်မုဒိမ်းပြစ်မှုပြစ်ဒဏ်အား အမြင့်ဆုံးပြစ်ဒဏ်ချမှတ်နိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်"ဟု ၂၈.၁၁.၂၀၁၆ နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးဆောင်ပြင်ပ၌ သတင်းမီဒီယာများအား ပြောကြားပါသည်။[၁၉]

၁၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ငယ်မုဒိမ်းမှုများအပါအဝင် မုဒိမ်းမှုများလျော့ကျစေရေးအတွက် အသိပညာပေးဟောပြောပွဲများပြုလုပ်နေသည့်အပြင်၊ လိင်စိတ်ကြွစေမည့်ဆေးဝါးများ၊ ဗွီဒီယိုခွေများ စသည့်တို့ကိုဖမ်းဆီးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှသိရှိရသည်။ ထို့အပြင် အဆိုပါဖြစ်စဉ်များ ဖြစ်ပွားမှုလျော့ကျစေရေးအတွက် အခြားတိုင်းဒေသကြီး၊ မြို့နယ်နှင့်ကျေးရွာများတွင်ရှုတ်ချပွဲများ၊ အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်းနှင့် ဆင်ဆာမဲ့ဗီဒီယိုခွေရောင်းချနေမှုများအား အရေးယူခြင်း စသည့်ထိရောက်သည့်ပြစ်ဒဏ်များချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပြီး၊ ရန်ကုန်တိုင်း

---

*၁၇။ ကလေးသူငယ်ဥပဒေ(၁၉၉၃ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)*

*၁၈။ ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)*

*၁၉။http://www.thithtoolwin.com/2016/11/blog-post-849.html*

ဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်း "အသက်မပြည့်သေးသောမိန်းကလေးငယ်များကို မုဒိမ်းမှုကျူးလွန်သောသူများအား ထိရောက်သောပြစ်ဒဏ်များချမှတ်သွားမည်ဖြစ်ကြောင်း၊ ဥပမာ-အခြားမုဒိမ်းမှုကျူးလွန်သောသူကို ထောင်ဒဏ်ငါးနှစ်ချမှတ်လျှင် သက်ငယ်မုဒိမ်းမှုကျူးလွန်သောသူကို ထောင်ဒဏ် ၁၀နှစ်ချမှတ်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။[၂၀]

၁၇။ မွန်ပြည်နယ်လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌကလည်း ကလေးသူငယ်မုဒိမ်းမှုများ အများအပြားဖြစ်ပေါ်လာမှုသည် လိင်စိတ်ကြွစေမည့်ဆေးဝါးများ၊ ဗွီဒီယိုခွေများကြောင့် အဓိကဖြစ်ပေါ်နေသည့်အတွက် အဆိုပါကိစ္စရပ်များကို ထိရောက်သောအရေးယူမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် လွှတ်တော်များ၌လည်း ပြည်သူများ၏အသံကိုနားထောင်ပြီး ကလေးသူငယ်မုဒိမ်းမှုများကိုဆွေးနွေးရမည်ဖြစ်ကြောင်း"ပြောကြားခဲ့ပါသည်။ မွန်ပြည်နယ်ရှိအရပ်ဘက်ဆိုင်ရာအဖွဲ့အစည်း (၅၀) ကျော်မှလည်း ကလေးသူငယ်မုဒိမ်းမှုအပေါ်ဆန့်ကျင်မှုများဆောင်ရွက်ခဲ့သည်။[၂၁]

၁၈။ အမျိုးသမီးများနှင့်ကလေးသူငယ်များအကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ One Stop Service ကူညီပေးနိုင်ရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျန်းမာရေး၊ ဥပဒေရေးရာ စသည့်တို့ကို ချိတ်ဆက်ကူညီပေးနိုင်ရန်အတွက် ရန်ကုန်မြို့နှင့်မန္တလေးမြို့တွင်ရှိသည့် WOMEN SUPPORT CENTER တွင် One Stop Service ဖြင့်ကူညီပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့နှင့်ရန်ကုန်မြို့ကြီးများတွင်ဖွင့်လှစ်ပြီးပါက ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ခံရသည့်အမျိုးသမီးများအတွက် နှစ်သိမ့်ပညာပေးဆွေးနွေးမှုများပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ပြည်သူ့ဆေးရုံကြီးများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်ပတ်သက်၍လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းတို့အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားပါသည်။[၂၂]

## ပြည်သူလူထု၊မီဒီယာများ၏အမြင်များ

၁၉။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၂၀၁၆နှစ် (၇)လအတွင်းဖြစ်ပွားသည့် မုဒိမ်းမှုများတွင် ဆယ်နှစ်အောက်ကလေးမုဒိမ်းမှုများဖြစ်ပွားခဲ့ကြောင်း၊ သက်ငယ်မုဒိမ်းမှုများတွင် ဆယ်နှစ်

၂၀။ http://www.ygnnews.com/2013/11/blog-post_2865.html
၂၁။ http://www.elevenmyanmar.com/local/6998
၂၂။ စာ-၁၁၊ ၂.၁၂.၂၀၁၆၊ နိုင်ငံရေးဂျာနယ်

အောက်ကလေးများအား ကျူးလွန်သောအမှုမှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ပိုမိုဖြစ်ပွား လာသည်ကိုတွေ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ပြောကြားချက်အရသိရှိရပြီး ၂၀၁၆ခုနှစ်အတွင်းဖြစ်ပွားသည့် သက်ငယ်မုဒိမ်းမှုများအနေဖြင့် ဆယ်နှစ်အောက်ကလေး ပြုကျင့်ခံရမှု(၁၂)မှု၊ ဆယ်နှစ်မှ(၁၂)နှစ်ကလေးပြုကျင့်ခံရမှု(၂၀)မှုနှင့် (၁၄)နှစ်အထက် ကလေးများပြုကျင့်ခံရမှု(၁၂)မှု စသည်တို့ဖြစ်ပွားခဲ့ကြောင်းသိရှိရပါသည်။ ထိုသက်ငယ် မုဒိမ်းမှုများမှာ မိဘများမှတခြားသူများပေါ်ယုံကြည်၍ ကလေးအားထည့်ပေးခြင်းမှ ကျူးလွန် ခံရမှုအများဆုံးဖြစ်ပြီး၊ ယင်းအမှုများမှာ မြို့နှင့်အလှမ်းဝေးသည့်ကျေးရွာများတွင် အများဆုံး ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှသိရှိရပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက “မိဘတွေအနေနဲ့ကိုယ့်ကလေးကို တစ်ခြားသူတစ်ယောက်နဲ့ယုံကြည်ပြီးမထားဖို့လိုသလို၊ ကလေးကိုလည်း တစ်ယောက်တည်း မလွှတ်ထားဖို့လည်းလိုတယ်။ ဒါမှပဲ သက်ငယ်အမှုတွေ လျော့ကျနိုင်မယ်” ဟု ပြောကြားပါ သည်။[၂၃]

၂၀။ Voice ဂျာနယ်တွင် သတင်းထောက်တစ်ဦးက “သက်ငယ်မုဒိမ်းမှုတွေ သေဒဏ်ပေး ရင် တကယ်လျော့ပါးသွားပါ့မလားလို့ တွေးမိတယ်။ လိင်ပိုင်းဆိုင်ရာစော်ကားဖို့ကြံနေတဲ့လူ တစ်ယောက်က မကျူးလွန်ခင် ဥပဒေတွေကိုမြင်မှာမဟုတ်ဘူး။ လတ်တလောကျူးလွန်ဖို့ပဲ။ ကျန်တာပြီးမှစဉ်းစားမှာ။ ကလေးတွေပါ လက်စဖျောက်ခံရမှာစိုးရိမ်တယ်။ လက်ရှိဖော်ထုတ် နိုင်စွမ်းကလည်းသိတဲ့အတိုင်းပါပဲလေ။ ကျွန်တော့်သမီးသာဆိုရင် ဒါမျိုးတွေဖြစ်လာတဲ့အခါ သမီးကိုအသက်ရှင်ဖို့ကအဓိကပါ။ အဓိကကတော့ တရားဥပဒေစိုးမိုးရေးကို သေချာမလုပ်နိုင် သေးသရွေ့ သက်ငယ်မုဒိမ်းမှုတွေကို သေဒဏ်လုပ်လိုက်ဖို့တောင်းဆိုရင် ကလေးတွေမှာပိုပြီး အန္တရာယ်ကြီးသွားမလားပေါ့”ဟု ပြောဆိုထားပါသည်။[၂၄]

၂၁။ ပျဉ်းမနားပေါင်းလောင်းရပ်ကွက်နေ အငြိမ်းစားဆရာမကြီးတစ်ဦးက “အရွယ်မ ရောက်သေးတဲ့ကလေးတွေကို မုဒိမ်းမှုကျူးလွန်ခံရမှုနည်းအောင် မိဘတွေကလည်း သေသေ ချာချာထိန်းသိမ်းဖို့လိုတယ်။ ကာမစိတ်ကိုနှိုးဆွစေတဲ့ သရုပ်ပျက်အဝတ်အစားဝတ်တာတွေ ကို မဝတ်အောင်ဆင်ခြင်ခိုင်းသင့်တယ်” ဟုပြောကြားပါသည်။[၂၅]

၂၂။ တရားလွှတ်တော်ရှေ့နေတစ်ဦးက “ပြစ်ဒဏ်တွေမြှင့်တင်ရုံမျှနဲ့ ပြစ်မှုတွေကျမသွား ဘူး၊ ပြစ်မှုဖြစ်ပွားရတဲ့အကြောင်းရင်းနဲ့ ကာကွယ်ရေးအပိုင်းကို ကျွန်တော်တို့လေ့လာရ

---

[၂၃] http://loveprogyi.blogspot.com/2015/09/blog-post.html
[၂၄] Voice Journal
[၂၅] http://myanmartharkaung.blogspot.com/2014/11/blog-post_104.html

မယ်”ဟုပြောကြားပြီး၊ ရဲအင်အားလုံလောက်မှုမရှိခြင်း၊ အသုံးအဆောင်ပစ္စည်း၊ ယာဉ်ယန္တရား ထုတ်ပေးမှုအားနည်းခြင်းများကြောင့် ထိန်းသိမ်းနိုင်မှုများလျော့နည်းနေပြီး နံနက်ပိုင်းလုပ်ငန်းတာဝန်များအပြင် ညပိုင်းကင်းလှည့်ရခြင်းများက ရဲများဦးနှောက်ကို ထိုင်းသွားစေသည်ဟုလည်းပြောကြားကာ တရားရုံးများတွင်လည်း အချို့တရားသူကြီးအပေါ် ခြိမ်းခြောက်ခံရမှုများရှိနေပြီး တာဝန်ကျရဲတပ်ဖွဲ့များကိုယ်တိုင် တိုက်ခိုက်ခံရမှုများရှိနေသည်ဟုပြောကြားခဲ့ပါသည်။[၂၆]

၂၃။ စားသောက်ဆိုင်ရှင် တစ်ဦးကလည်း “မြန်မာနိုင်ငံမှာ အခုမြင်နေရတာက မုဒိမ်းမှုတွေဆိုလဲ အရမ်းပေါ့ပေါ့တန်တန်လေး အပြစ်ပေးတာတွေ့ရတယ်။ နောက်တစ်ခုက သက်ငယ်မုဒိမ်းမှုတွေဆိုရင်လဲ ပြင်းပြင်းထန်ထန်အပြစ်ပေးတာမျိုးမတွေ့ရဘူး။ အဲဒီအခါကျတော့ ဒီလူတွေက ငါတို့လုပ်လိုက်လဲ ခဏနေရင် ပြန်ထွက်လာမှာပဲ၊ ပြန်ထွက်လာရင် နောက်တစ်ခေါက်ပြန်ကျူးလွန်တယ်။ ဒါကြောင့် ဒီလိုလူ့အသိုင်းအဝိုင်းကို ပြင်းပြင်းထန်ထန်ဒုက္ခပေးနေတဲ့လူတွေကအထဲမှာပဲ ရှိသင့်တယ်၊ ဒါမှမဟုတ် အဲလိုတွေ လူကိုနောင်တစ်ခါဘယ်တော့မှ ပြန်လုပ်လို့မရအောင် တခြားနိုင်ငံတွေမှာလုပ်သလိုမျိုး နောက်ထပ်လိင်အင်္ဂါအသုံးပြုလို့မရအောင် ပြင်းပြင်းထန်ထန် အပြစ်ပေးတာမျိုးဖြစ်စေ၊ သေဒဏ်ဖြစ်စေပေးသင့်ပါတယ်။ မလေးရှားမှာဆိုရင်တော့ သူတို့က မူဆလင်နိုင်ငံလည်းဖြစ်တဲ့အခါကျတော့ ကျွန်တော်သိသလောက် ရှရီယဥပဒေနဲ့ အပြစ်ပေးပါတယ်။ ထိုဥပဒေထဲမှာ တစ်ခါတစ်လေ ကြိမ်ဒဏ်ရိုက်တဲ့အခါ ပြင်းထန်လွန်းလို့ ယောကျ်ားလိင်အင်္ဂါ အသုံးပြုလို့မရအောင် ပြင်းပြင်းထန်ထန်လုပ်ပစ်လိုက်တာမျိုး၊ နောက်တစ်ခုက သင်းကွပ်တဲ့ပုံစံလို ယောကျ်ားတွေလိင်ဆက်ဆံလို့မရလောက်အောင် ထိအပြစ်ပေးတာမျိုးရှိပါတယ်။ သေဒဏ်ပေးတာလည်းရှိပါတယ်။ အခုကြုံရတာတွေက ကလေးတွေကို မုဒိမ်းကျင့်တယ်ဆိုတဲ့ အဆင့်တင်မကဘူး၊ သတ်ပစ်လိုက်တယ်ဆိုတဲ့အခါကျ ကျွန်တော့်အမြင်ကတော့ ရုပ်ပိုင်းဆိုင်ရာသတ်တာလည်းရှိတယ်၊ နောက်စိတ်ပိုင်းဆိုင်ရာ၊ လူမသတ် လိုက်ရင်တောင် သူတို့ဘဝတစ်ခုလုံးကို နင်းချေဖျက်ဆီးပစ်လိုက်ရာကျတယ်။ ဒီလူတွေသည် လူ့လောကမှာနောက်ထပ်မရှိသင့်တော့ဘူး၊ ရှိနေရင်လည်းနောက် ထပ်ဒုက္ခပေးမယ့်သူတွေဆိုတော့ သေဒဏ်ကိုကျွန်တော်ထောက်ခံပါတယ်” ဟုပြောကြားခဲ့ပါသည်။[၂၇]

## NGO/INGO အဖွဲ့များ၏ဆောင်ရွက်ချက်များ

၂၄။ Local NGO တစ်ခုဖြစ်သည့် Friendly Child ကိုတည်ထောင်သူ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ရှေ့နေဒေါ်ဝါဝါလင်းထွန်းက “ကလေးသူငယ်နှိပ်စက်မှုနှင့် အကြမ်းဖက်

---

*၂၆။ ဗစ်တာ(နိုဝင်ဘာ ၂၀)၊စာ-အချက်ပို ခ၊ ၂၅.၁၁.၂၀၁၆၊နိုင်ငံရေးဂျာနယ်*
*၂၇။* http://www.mhm-media.com/

မှုတိုက်ဖျက်ရန် အစိုးရကအားစိုက်သော်လည်း ကလေးသူငယ်များ၏ ညှဉ်းပန်းနှိပ်စက်မှုတွင် ထင်ရှားသောလူမှုရေးပြဿနာများကို ဖြေရှင်းရန်ကျန်နေသည်။ စီမံကိန်းများသည် လိင်ပိုင်းဆိုင်ရာကိုဖြစ်စေ ၊ အခြားကိစ္စကိုဖြစ်စေ၊ ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုကိစ္စတွင် အသိပညာပေးပြုလုပ်ခြင်းအစီအစဉ်များကို တိုးမြှင့်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ကလေးများသည် သူတို့၏ငယ်ရွယ်နုပျိုခြင်းများကိုခိုးယူခြင်းခံရပြီး သူတို့ဘဝတွင်အနားယူရန်တစ်စုံတစ်ရာက ခြောက်လှန့်ခံနေရသည်” ဟု ပြောကြားခဲ့ပါသည်။[၂၈]

၂၅။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အစီရင်ခံစာတွင် “အကြမ်းအားဖြင့် ၂၀ရာခိုင်နှုန်းသော အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာစော်ကားနှောက်ယှက်မှုကိုခံရသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှု၏အကျိုးသက်ရောက်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် အကြမ်းဖက်မှုများသည် အချိန်ကြာကြာသက်ရောက်စေပြီး သူတို့၏ကျန်းမာရေးကိစ္စပိုင်းသာမက စီးပွားရေးကိစ္စရပ်များကိုပါထိခိုက်စေပါသည်။ ပဋိပက္ခဖြစ်ပျက်သောနေရာများ၌ ဒုက္ခသည်များစခန်းတွင် လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် လက်ရောက်မှုကျူးလွန်ခံရသော မိန်းကလေးငယ်များကို သီးသန့်စခန်းတွင်ထားပါသည်”ဟုဖော်ပြထားပါသည်။[၂၉]

၂၆။ “ကံ့ကော်မြေမှတ်တွဲလက်များ” ပညာရေးအထောက်အကူပြုအသင်းကလည်း “သက်ငယ်မုဒိမ်းမှုများ နေ့စဉ်ရုပ်ဆက်ဖြစ်ပေါ်နေသဖြင့် အုပ်ထိန်းသူမိဘများနှင့် ကလေးများလိုက်နာသတိပြုရန်အချက်များ” စသည်တို့ကိုလည်း ဖြန့်ဝေလျက်ရှိကြောင်းသိရပါသည်။

၂၇။ Gender and Development Initiative အမှုဆောင် ဒါရိုက်တာ ဆလိုင်းအိုက်ဇက်ခင် မှ ကလေးများအားကျူးလွန်သော လိင်ပိုင်းဆိုင်ရာပြစ်မှုအတွက် ပြစ်ဒဏ်ထိထိရောက်ရောက် ချမှတ်ပေးရန် အကြံပြုချက်များကို ပါလီမန်အဖွဲ့ဝင်များက ပိုင်နိုင်စွာ ကိုင်တွယ်နိုင်စွမ်းနည်းပါးကြောင်းကို ပြောကြားခဲ့ကြောင်းကို Myanmar Times ၌ ၂၀.၁.၂၀၁၄ (တနင်္လာနေ့) တွင် Cherry Thein ၏ ရေးသားချက်အရ သိရပါသည်။[၃၀]

၂၈။ Equality Myanmar အဖွဲ့မှ ဒါရိုက်တာဦးအောင်မျိုးမင်းက “ကလေးသူငယ်များကိုမုဒိမ်းကျင့်မှု၊ အကြမ်းဖက်မှုက လူမဆန်တဲ့ ကလေးအခွင့်အရေးကို အဆိုးရွားဆုံးချိုးဖောက်ခံရခြင်းဖြစ်တဲ့အတွက် အမြင့်ဆုံးပြစ်ဒဏ်ပေးရန် အစိုးရကိုတောင်းဆိုသည်” ဟု ပြောကြားပြီး၊ သက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ကလေးသူငယ်အခွင့်အရေးဖြင့်ကြည့်သော်လည်း တစ်ဖက်က လူ့အခွင့်အရေးရှုထောင့်မှကြည့်လျှင် အမြင့်ဆုံးတစ်သက်တစ်ကျွန်းပြစ်ဒဏ်ကို ချမှတ်စေလိုကြောင်းလည်းပြောကြားပါသည်။[၃၁]

---

၂၈။ http://www.mmtimes.com/index.php/in-depth/9333-society-leaves-children-at-risk-of-abuse.html
၂၉။ https://www.terredeshommes.nl/en/themes-overview/child-abuse?gclid=CIOa9Ky0r9ACFdASaAod0QYFkw
၃၀။ http://www.mmtimes.com/index.php/in-depth/9333-society-leaves-children-at-risk-of-abuse.html
၃၁။ ခင်မြတ်မြင့်ဝေ (ရန်ကုန်,နိုဝင်ဘာ ၂၄)၊စာ-အချက်ပို ခ ၊ ၂၅.၁၁.၂၀၁၆၊ နိုင်ငံရေးဂျာနယ်

၂၉။ ကျား၊ မ ရေးရာ တန်းတူညီမျှခြင်းကွန်ယက်မှ အုပ်ချုပ်မှုဒါရိုက်တာဒေါ်မေစံပယ်ဖြူက အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်ခံနေရမှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ထိထိရောက်ရောက်ကာကွယ်ပေးသင့်သည့်အချိန်၊ အလေးထားဆောင်ရွက်သင့်နေပြီဟုပြောကြားပြီး "ဘာလို့လဲဆိုတော့ ဒီနှစ်ပိုင်းမှ သိသာတဲ့အကြမ်းဖက်မှုကတိုးမြင့်လာတယ်။ တိုးမြင့်လာတဲ့အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေအနေနဲ့ တရားမျှတမှုအတွက် ကာကွယ်ပေးတဲ့ဥပဒေ အားနည်းနေသေးတယ်ဆိုတာကိုသိရတယ်"ဟုလည်း ပြောကြားပါသည်။[၃၂]

၃၀။ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရာတွင် စီးပွားရေးနှင့် လူမှုဘဝနိမ့်ကျသောနေရာများတွင် အများဆုံးဖြစ်ပွားတတ်ပြီး အသိပညာအားနည်းခြင်းနှင့်အတူ စားဝတ်နေရေးမပြေလည်မှုတို့ကြောင့် ရှက်၍လည်းကောင်း၊ ကြောက်ရွံ့၍လည်းကောင်း တိုင်ကြားမှုမရှိခြင်း၊ ညှိနှိုင်းဖြေရှင်းလျော်ကြေးလက်ခံခြင်းတို့ဖြင့် တရားရုံးသို့ရောက်မလာသောအမှုများလည်းရှိကြောင်း Child Dream ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားထားသည်။[၃၃]

## မြန်မာနိုင်ငံကထုတ်ပြန်၊ ပြဋ္ဌာန်းသောဥပဒေများအပေါ်သုံးသပ်ချက်များ

၃၁။ သက်န်းကျွန်းမြို့နယ်၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသိန်းညွန့်က "ကလေးသူငယ်မုဒိမ်းမှုကို သေဒဏ်ပေးဖို့ တောက်လျှောက်တင်ပြခဲ့တယ်။ အရင်ဆုံးဘာတင်ပြလဲဆိုတော့ ၂၀၁၃ခုနှစ်မှာ ရာဇသတ်ကြီးဥပဒေမှာပါတဲ့ ပုဒ်မ(၃၇၆)ကိုပြင်ဆင်ပြီး သေဒဏ်ပေးဖို့တင်ခဲ့တယ်။ ရာဇသတ်ကြီး ဥပဒေ (၃၇၆) မှာ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းထိပဲပါတယ်။ ကျွန်တော်တို့တိုင်းပြည်က သေဒဏ်ကိုပယ်ဖျက်ထားတဲ့တိုင်းပြည်မဟုတ်ဘူး။ အထူးဥပဒေဖြစ်တဲ့ မူးယစ်ဆေးဝါးဥပဒေမှာ သေဒဏ်ပြဋ္ဌာန်းထားတာရှိတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေမှာလည်းပါတယ်။ အမေရိကန်နိုင်ငံမှာလည်း သေဒဏ်ကိုဖျက်သိမ်းခြင်းမရှိဘူး။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ အန္တရာယ်ပေါ်လာမှထပြီးကာကွယ်ရတာမဟုတ်ဘူး။ ဒီအန္တရာယ်တွေဟာ လူ့အဖွဲ့အစည်းနဲ့ကလေးသူငယ်တွေအပေါ်ကျရောက်တော့မယ်ဆိုရင် ကြိုတင်ကာကွယ်ရေးအစီအမံလုပ်ရတာ။ လွှတ်တော်ကဥပဒေပြုရေး၊ အုပ်ချုပ်ရေးကပြစ်မှုကာကွယ်ရေးကြိုတင်စီမံလုပ်ရမယ်။ တရားစီရင်ရေးက ထိရောက်တဲ့ ပြစ်ဒဏ်ပေးရမယ်။ လက်ရှိပုဒ်မအရ အများဆုံးခုနှစ်နှစ်ပဲ။ လွှတ်ငြိမ်းချမ်းသာခွင့်မပေးရ

---

*၃၂။ ခင်မြတ်မြင့်ဝေ (ရန်ကုန်,နိုဝင်ဘာ ၂၄)၊စာ-၁၀ ၊ ၂၅.၁၁. ၂၀၁၆၊ နိုင်ငံရေးဂျာနယ်*
*၃၃။ သန်းထိုက် (လှိုင်သာယာ) ၊၁၅.၁၁. ၂၀၁၆၊စာ-၁၅၊ မြန်မာ့အလင်းသတင်းစာ*

မယှ်အနေအထားဖြစ်လာပြီ။ မုဒိမ်းမှုအဓိကဖြစ်ပွားရခြင်းဟာ ဘာအကြောင်းမှမဟုတ်ဘူး။ ဖုန်းတွေကြောင့်ပဲ။ နယ်တွေမှာပိုဆိုးတယ်။ မုဒိမ်းသမား ၁၀၀ ကို ဥပဒေနဲ့အညီ တစ်သက်တစ်ကျွန်း၊ သေဒဏ်ပေးနိုင်ရင် ကလေးသူငယ်တစ်သန်းကို ကာကွယ်နိုင်လိမ့်မယ်” ဟုပြောကြားပါသည်။[၂၄]

၃၂။ ဒေါ်စန်းစန်း၊( Diploma of International Law-DIL, Diploma of Law-DL Myanmar) က “အရွယ်မရောက်သေးသူကိုဖမ်းချုပ်ခေါ်ဆောင်ခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ မုဒိမ်းမှုကျူးလွန်စေရန် အခကြေးငွေပေးပြီးဆောင်ရွက်ကြမှုတွေ၊ အသက်(၃)နှစ်ကစလို့ ကလေးလို့သတ်မှတ်ထားတဲ့အသက်အရွယ် ၁၉၅၁ခုနှစ် ၊ အလုပ်ရုံအက်ဥပဒေပုဒ်မ (၂) မှာ ကလေးဆိုတာ အသက်တစ်ဆယ့်ငါးနှစ်မပြည့်သေးသူလို့ သတ်မှတ်ထားတယ်။ ၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ၂(က)မှာ ကလေးဆိုတာ အသက်တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသူကိုသတ်မှတ်ထားတယ်။ ILOရဲ့ကွန်ဗင်းရှင်းမှာ ကလေးဆိုတာ အသက်တစ်ဆယ့်ရှစ်နှစ်အောက်ကိုသတ်မှတ်ထားတယ်။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ (၆၅)၊ ပုဒ်မ (၆၆) တို့မှာ ထောင်ဒဏ်၊ ငွေဒဏ်ချမှတ်အပြစ်ပေးရန် သတ်မှတ်ထားတယ်။ ၁၉၉၃ ကလေးသူငယ်ဥပဒေမှာ ပြစ်ဒဏ်ကို အခန်း(၉)မှာသတ်မှတ်ထားတာကိုတွေ့ရတာက ထောင်ဒဏ် (၆)လ ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေဟုဖော်ပြထားပါတယ်။ အခုတော့ ထောင်ဒဏ်နှင့်ငွေဒဏ်ကို တိုးပြီးပြီဆိုသော်လည်း ကလေးကိုမတော်မတရားပြုလုပ်မှုတွေအတွက် ပြစ်ဒဏ်မှာသိသာထင်ရှားစွာ မပြင်းထန်ဘူးလို့ သုံးသပ်ရရှိပါတယ်” ဟုပြောကြားခဲ့ပါသည်။[၂၅]

၃၃။ ဆက်လက်၍ “မြန်မာနိုင်ငံသည် အားလုံးသောလူ့အခွင့်အရေးဆိုင်ရာစာချုပ်များနဲ့နောက်ဆက်တွဲစာချုပ်အချို့ကိုလက်ခံထားရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းထားပြီး လူ့အခွင့်အရေးကိစ္စဆောင်ရွက်နေတာကြောင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနဲ့တာဝန်များပါဆောင်ရွက်နေပြီဖြစ်ရာ လူ့အခွင့်အရေးဆိုင်ရာအဓိကကျသော“စံ”များကိုသတိပြုရမှာ ဖြစ်ပါတယ်။ Human Rights မှာအဓိကကျတဲ့ နိုင်ငံရေးနဲ့ပြည်သူ့အခွင့်အရေးဆိုင်ရာစာချုပ်နဲ့ သူ့ရဲ့နောက်ဆက်တွဲစာချုပ်ဖြစ်တဲ့ သေမိန့်ဖျက်သိမ်းရေးစာချုပ်သည်အရေးကြီးပါတယ်။ Human Rights မှာအဓိကကျတဲ့ နိုင်ငံအရေးနဲ့ပြည်သူ့အခွင့်အရေးဆိုင်ရာစာချုပ်ရဲ့ နောက်ဆက်တွဲစာချုပ်ရဲ့ ရည်ရွယ်ချက်က နိုင်ငံတိုင်းသည် သေစားသေစေဆိုတဲ့ သေမိန့်ဖျက်သိမ်းရန်ဖြစ်စေ၊ သေမိန့်ကိုကျင့်သုံးရာမှာ ချွင်းချက်အနေဖြင့် စစ်ဖြစ်စဥ်ကာလ စစ်အနေအထားအရာ ကြီးမားသောပြစ်မှုကျူးလွန်မှသာ သေမိန့်၊

---

*၂၄။ သန်းထိုက် (လှိုင်သာယာ) ၊၁၅.၁၁.၂၀၁၆၊စာ-၁၅၊ မြန်မာ့အလင်းသတင်းစာ*

*၂၅။* http://www.mhm-media.com/

သတ်မိန့်ပေးရန်လို့ဆိုလိုတာမို့ ၎င်းကိုမြန်မာနိုင်ငံက လိုက်နာရပါတယ်”ဟု ဒေါ်စန်းစန်းက ဆက်လက်ပြောကြားပါသည်။[၃၆]

၃၄။ ဒေါ်လှလှရီ (Legal Clinic Myanmar, Director &Advocate) က “သက်ငယ် မုဒိမ်းမှုတွေ အဖြစ်များလာတယ်ဆိုတာက ဒီဘက်ခေတ်မှာ မီဒီယာတွေ ဘာတွေ ပွင့်လင်းလာတော့ ကျွန်မတို့က ဘယ်နေရာမှာဖြစ်တယ်ဆိုတာနဲ့ သိလာတယ်။ တစ်ခုခုဖြစ်ပြီဆိုတာနဲ့ လူမှုကွန်ယက်စာမျက်နှာတွေမှာ ကျယ်ကျယ်ပြန့်ပြန့်မြင်လာရတယ်။ ခုတလော တွင်တွင်ကျယ်ကျယ် ဖြစ်နေတာတွေက ကလေးသူငယ်တွေကိုအဓမ္မကျင့်ရင် သေဒဏ်ပေးပါဆိုပြီး တောင်းဆိုနေတာတွေ့ရတယ်။ ဒါကတော့ ကလေးသူငယ်တွေကို မုဒိမ်းကျင့်တယ်ဆိုရင် တရားမျှတမှုအရ သေဒဏ်ပေးတယ်ဆိုတာကတော့ ခံရသူရဲ့ကလေးလေးရဲ့တရားမျှတမှုအတွက်ဆိုရင်တော့ ပြောစရာမရှိပါဘူး၊ ဒီအပေါ်မှာ ကျွန်မတို့ကသေဒဏ်ပေးမယ်ဆိုရင်တော့ အဲလူအတွက်မျှတလား၊ လူတစ်ယောက်ကိုသေဒဏ်ပေးလိုက်တယ်ဆိုရင် ဒီအမှန်းတွေကို အမှန်တကယ်ပဲ လျော့ကျသွားစေမလားပေါ့နော်၊ ကျွန်မရဲ့ယုံကြည်ချက်အရ ပြောမယ်ဆိုလို့ရှိရင် ကလေးတွေကို မုဒိမ်းကျင့်တဲ့သူတွေကို ထိရောက်ဟန့်တားစေမယ့် ပြစ်ဒဏ်တွေပေးရမယ်။ ကြီးလေးတဲ့ပြစ်ဒဏ်တွေကို ချမှတ်ပေးဖို့လိုတယ်။ သေဒဏ်ဆိုတာကိုတော့ ကျူးလွန်တဲ့ အတိုင်းအတာပေါ်မူတည်ပြီး အချို့အမှုတွေမှာ သေဒဏ်ပေးကောင်းပေးရလိမ့်မယ်။ ဥပမာ ကလေးတွေကိုအဓမ္မကျင့်ပြီး သတ်လိုက်တဲ့အမှုတွေဆိုရင် သေဒဏ်ပေးသင့်တယ်။ ဒါပေမယ့် ကလေးတွေကိုမုဒိမ်းကျင့်တဲ့အမှုတွေမှာ သေဆုံးတဲ့အထိထောင်ချထားမယ်ဆိုရင် မျှတမယ်လို့ထင်တယ်။ အခုကျွန်မတို့ရုံးကလိုက်ပါဆောင်ရွက်ပေးတဲ့ ကလေးသူငယ်မုဒိမ်းကျင့်ခံရတဲ့ အမှုတွေမှာဆိုလို့ရှိရင် တစ်ချို့က အဲဒီနေရာမှာမနေတော့ဘဲ ရွှောင်ထွက်ပြောင်းပြေးသွားကြတယ်။ လွတ်လာတဲ့အခါ အန္တရာယ်ပြုမှာကြောက်တဲ့အတွက် ပြောင်းပြေးသွားကြတာတွေရှိတယ်။ ဒါကြောင့်သေသည်အထိ ထောင်ဒဏ်တစ်သက်ချသင့်တယ်လို့၊ ကျွန်မအနေနဲ့ကလေးသူငယ်တွေကို သတ်လိုက်တဲ့အထိဆိုရင် သေဒဏ်အထိ ပြင်းပြင်းထန်ထန်အရေးယူသင့်တယ်လို့မြင်တယ်” ဟုပြောကြားပါသည်။[၃၇]

## ပြည်ပနိုင်ငံများ၌ ကလေးငယ်များအပေါ်တွေ့ရသော အကြမ်းဖက်မှုများနှင့် ပြစ်ဒဏ်များ

၃၅။ အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ်နှစ်တိုင်း ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုများသည် ၃သန်းထက်မကရှိသည်ဟု အမေရိကန်နိုင်ငံအခြေစိုက် Child Help အဖွဲ့မှ ထုတ်ပြန်ထားသော ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာအစီရင်ခံစာအရ သိရပါသည်။၎င်းသည်

၃၆။ http://www.mhm-media.com/
၃၇။ http://www.mhm-media.com/

ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပျံ့နှံ့နေသောကြောင့် ကလေးသူငယ်များကိုအကူအညီပေးရန်ပြုလုပ်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် တာဝန်ရှိသူများကိုယ်တိုင် ၎င်းကိစ္စအားအသိဗဟုသုတရှိရန် ပထမဆုံးလိုအပ်ပါသည်။[၃၈]



၃၆။ အာရှတိုက်တွင် ၁၅နှစ် နှင့် ၁၉နှစ်ကြား မိန်းကလေးငယ် ၁၀၀၀ ယောက်တွင် ၆၂ ယောက်ထက်မနည်းသော မိန်းကလေးများသည် ကလေးမွေးဖွားကြပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ထပ်ထိမ်းမြားထားသော မိန်းကလေးအများစုသည် အသက်၁၈နှစ်မတိုင်မီ ကလေးနှစ်ယောက်မွေးထားကြပြီးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရှိ ကလေးငယ်များတစ်ဝက်သည် လိင်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုခံခဲ့ရသော်လည်း ထိုသို့ညှဉ်းပန်းခံရခြင်းကိစ္စကို အကြောင်းအရာတိုက်ဆိုင်မှသာ ထုတ်ဖော်ပြောကြားခဲ့သည်။[၃၉]

***Source:*** https://www.discretesearch.com/images?eq=k7iGVrtes0yrKAIS5HPTsLtiumadcxf4q0iY06WNYLA%3D

၃၇။ အမေရိကန်နိုင်ငံတွင် အသက်မပြည့်သေးသော (၁၈နှစ်အောက်) ကလေးများကို မုဒိမ်းမှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် မဖွယ်မရာပြုကျင့်လျှင်၊ သို့တည်းမဟုတ် ကလေးသူငယ်များ၏ ကိုယ်လုံးတီးဓါတ်ပုံများဖြန့်ဝေလျှင် လူသတ်မှုအားအရေးယူမှုထက်ပိုမိုပြင်းထန်သော အရေးယူမှုတွေရှိပါသည်။ လူသတ်မှုကျူးလွန်ခြင်းဖြစ်စေကာမူ သတ်မှတ်ထားသော ပြစ်ဒဏ်ကျခံပြီးနောက်လွတ်လပ်စွာသွားလာနေထိုင်နိုင်ပြီးကလေးသူငယ်များကို ပြစ်မှုကျူးလွန်ခဲ့၍ ပြစ်ဒဏ်ကျခံပြီးထောင်ကထွက်လာသောသူများသည် Sex Offender Registry Website တွင်ကိုယ်နေထိုင်သောလိပ်စာကိုမှတ်ပုံတင်ထားရပြီး ခြေထောက်တွင် GPSတစ်ခုကို သေသည်အထိဝတ်ဆင်ထားရသည်။ ထို့အပြင် သက်ဆိုင်ရာနယ်မြေရဲက တချိန်လုံးစောင့်ကြည့်နေပြီး မူလတန်းကျောင်း၊ အထက်တန်းကျောင်းများ၏ ကိုက်၅၀၀အတွင်းသို့ လုံးဝသွားခွင့်မရှိပါ။ ကလေးကစားကွင်းများအနီးအနားသို့လည်း သွားရောက်ခြင်းမပြုရပေ။ ညအိပ်ညနေခရီးသွားမည်ဆိုလျှင် သက်ဆိုင်ရာသို့အကြောင်းကြားရပါမည်။[၄၀]



---

၃၈။ *https://www.childhelp.org/child-abuse/*

၃၉။ *https://www.terredesommes.nl/en/programmes/child-abuse-asia*

၄၀။ *https://www.fbi.gov/scams-and-safety/sex-offender-registry*

၃၈။ ဩစတေးလျအခြေစိုက် ၊ အပြည်ပြည်ဆိုင်ရာကလေးသူငယ်ကာကွယ်ကူညီပေးရေး၊ ကလေးသူငယ်ဆိုင်ရာအကြံပေးအဖွဲ့၏ အစီရင်ခံစာတွင် ကမ္ဘာအနှံ့အပြားတွင် ကလေးသူငယ် ၁သန်းကျော်ခန့်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံနေရလျက်ရှိကြောင်း၊ ပြည့်တန်ဆာအမှုကိစ္စများတွင် အရွယ်မရောက်သေးသောမိန်းကလေး ၃၀.၄ရာခိုင်နှုန်းနှင့် အရွယ်မရောက်သေးသော ယောကျ်ားလေး၂၃.၆ ရာခိုင်နှုန်းပါဝင်နေကြောင်း ကလေးများကို ဝေးလံခေါင်ပါးသောအလုပ်နေရာများသို့ ရောင်းချခြင်းများသည် အကြမ်းဖက်မှုများကိုမြင့်တက်စေကြောင်း၊ အများအားဖြင့် ထိုကလေးများသည် ဝေးလံခေါင်ပါးသောဒေသ နေရာများမှဖြစ်ပြီး မိသားစုဝင်ငွေနည်းပါး၍ မထောက်ပံ့နိုင်သောမိသားစု၊ သို့မဟုတ် ၎င်းတို့၏ဘဝတွင် စီးပွားဖြစ်ထွန်းရန် အခွင့်အလန်းများမရှိခဲ့ခြင်းအတွက် ထိုသို့စွန့်စားလုပ်ဆောင်ကြခြင်းဖြစ်ကြောင်းဖော်ပြထားပါသည်။[၄၁]

## သက်ငယ်မုဒိန်းမှုနှင့် Pedophilic Disorder (ကလေးသူငယ်များအပေါ် ကာမစိတ်ညွတ်ခြင်း)

၃၉။ ကလေးသူငယ်များအပေါ် ကာမစိတ်တိမ်းညွတ်မှောက်မှားခြင်း၊ သို့မဟုတ် လိင်ပိုင်းဆိုင်ရာစွဲလမ်းခြင်း၊ ကိုယ်ထိလက်ရောက်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းသည် ဆေးပညာ/စိတ်ပညာအသိအမှတ်ပြုစိတ်ဝေဒနာတစ်ခုဖြစ်ပြီး Pedophilic Disorder ဟုခေါ်ပါသည်။ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာတပ်မက်ခြင်း စိတ်ဝေဒနာ (pedophilic Disorder) သည် သာမန်မဟုတ်သော လိင်ပိုင်းဆိုင်ရာစွဲလမ်းမှုတစ်ခုဖြစ်ပြီး မိမိကိုယ်တိုင်နှင့်အခြားသူများအပေါ် အန္တရာယ်သက်ရောက်စေနိုင်လောက်သော ပြင်းထန်သောဝေဒနာတစ်ခုဖြစ်သောကြောင့် Paraphillic Disorders များထဲကတစ်ခုဖြစ်သည် ဟုသတ်မှတ်ရခြင်းဖြစ်ပါသည်။တစ်ကမ္ဘာလုံးမှစိတ်ပညာရှင်များ၊ စိတ်ရောဂါကုဆရာဝန်များနှင့်စိတ်ပညာသုတေသီများမှလက်ရှိတွင်လက်စွဲထားအသုံးပြုနေသည့် အမေရိကန်စိတ်ပညာအသင်းကြီး (American Psychological Association) က ထုတ်ဝေထားသော "စိတ်ဝေဒနာများ၏ရောဂါလက္ခဏာများနှင့် စာရင်းဇယားပြလက်စွဲကျမ်း" (Diagnostic and Statistical Manual of Mental Disorders , 5th Edition : DSM -5,2013)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ- ယေဘုယျအားဖြင့် အသက်၁၃နှစ်နှင့်အောက် ကလေးသူငယ်များ (မိန်းကလေးကိုဖြစ်စေ၊ ယောကျ်ားလေးကိုဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ)အပေါ်ပြင်းထန်သောလိင်စိတ်ကြွမှု၊ လိင်အာသာဆန္ဒပြင်းပြမှုများ ဖလထက်ကျော်လွန်ကာ ထပ်ခါထပ်ခါ

---

၄၁။ http://www.mmtimes.com/index.php/in-depth/9333-society-leaves-children-at-risk-of-abuse.html

ဖြစ်လာပြီး ထိုဆန္ဒများကိုဖြည့်ရန်အတွက် ကလေးသူငယ်များအပေါ် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်း၊ ကျူးလွန်ဖို့ကြံစည်လာခြင်းဆိုပါက ထိုသူထံတွင် ထိုစိတ်ဝေဒနာရှိနေပြီ ဖြစ်သည်။ တစ်ခုသတိပြုရန်မှာ ထိုစိတ်ဝေဒနာရှိနေသည်ဟု သတ်မှတ်ခံရသောသူသည် အနည်းဆုံးအသက် ၁၆ နှစ်ခန့်ရှိရမည်ဖြစ်ပြီး မိမိထက်အနည်းဆုံးအသက် ၅ နှစ်ငယ်သူ အပေါ်တွင် အထက်ပါအတိုင်း ပုံမှန်မဟုတ်သောဆန္ဒများရှိရပါသည်။ အသက် ၁၆ နှစ်ထက် ငယ်သောကလေးအချင်းချင်း လိင်ပိုင်းဆိုင်ရာစွဲလမ်းခြင်းသည် Pedophilic Disorder မဟုတ်ပါ။ အသက် ၁၆နှစ်ရှိသူက မိမိအသက်ထက် ၅ နှစ်တာထက်ကျော်လွန်ပြီး လသား အရွယ်၊ သုံးလေးနှစ်သားအရွယ်ကို ထို၁၆နှစ်ရှိသူက လိင်ပိုင်းဆိုင်ရာစွဲလန်းပါလျှင် ထိုစိတ် ဝေဒနာရှိနေရန် အခွင့်အလန်းပိုများပါသည်။ [၄၂]

၄၀။ ထိုစိတ်ဝေဒနာရှိသူများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူ (target/victim) များ သည် မိန်းကလေးများဖြစ်နိုင်သကဲ့သို့ ယောက်ျားလေးများလည်း ဖြစ်နိုင်ပါသည်။ ဝေဒနာ သည်အမျိုးသားက အသက်ငယ်ရွယ်သူအမျိုးသမီးလေးများကိုသာလျှင် လိင်စိတ်ရှိနိုင်မည်၊ ကျူးလွန်နိုင်မည်ဟုတစ်ထစ်ချသတ်မှတ်၍မရပေ။ ယောကျ်ား-ယောကျ်ားအချင်းချင်း၊မိန်းမ-မိန်းမအချင်းချင်းများလည်း ထိုပုံမှန်မဟုတ်သော လိင်စိတ်မှာရှိနေနိုင်ကြောင်း သိရှိရပါ သည်။ Pedophilic Disorder ကို သုံးမျိုးသုံးစားခွဲနိုင်ပါသည်။ လူပျိုဖော်/ အပျိုဖော်ဝင် ကာစကလေးငယ်များ (Prepubescent children )ကိုမှရွေးပြီး လိင်အာသီသဖြစ်သော သူများကို Classic type ၊ နံပါတ် (၁)ဟုသတ်မှတ်ပါသည်။ လူပျို/အပျိုဖော်မဝင်သေးသော နုနယ်ငယ်ရွယ်သောကလေးများ (early pubescent children) ကိုမှရွေးပြီး လိင်အာသီသ ဖြစ်သောသူများကို hebephilic type ၊ နံပါတ် (၂) သတ်မှတ်ပြီး အပျို/ လူပျို ဖော်ဝင်စ ကလေးငယ်များနှင့် မဝင်သေးသောသူများစသည့်နှစ်မျိုးစလုံးအပေါ် လိင်စိတ်ကြွပြီးလိင် စိတ်ကူးများဖြစ်ပေါ်နေသောသူများကို Pedohebephilic type ၊ နံပါတ်(၃)ဟု သတ်မှတ်ပါ သည်။ မည်သည့်အမျိုးအစားထဲတွင်ပါဝင်နေကာမူ Pedophilic များသည် အရွယ်မရောက် သေးသောသူများအပေါ် ပြင်းပြင်းထန်ထန် လိင်အာသီသတက်ကြွကြသူ (Sexually aroused) များဖြစ်ကြပါသည်။[၄၃]

၄၂။ http://www.behavioralconnections.org/poc/view_doc.php?type=doc&id=571

၄၃။ https://medium.com/pedophiles-about-pedophilia/explaining-the-pedophilic-disorder-in-dsm-5-fcd17659889#.jheph5810
http://www.behavioralconnections.org/poc/view_doc.php?type=doc&id=571

# နိဂုံး

၄၁။ ယခုအခါတွင် ကလေးသူငယ်အကြမ်းဖက်မှုများသည် နိုင်ငံအနှံ့အပြားတွင်ဖြစ်ပွား လျက်ရှိကြောင်းကို လေ့လာဆန်းစစ်ချက်အရသိရှိရပြီး အများအားဖြင့် လိင်မှုဆိုင်ရာအကြမ်း ဖက်မှုများသည် နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသကဲ့သို့တွေ့ရပါသည်။ ရန်ကုန်တိုင်းဒေသ ကြီးအစိုးရနယ်/လုံဝန်ကြီးက မြန်မာအမျိုးသမီးများအတွက် ကြိုတင်ကာကွယ်စောင့်ရှောက် မှုများကိုဆောင်ရွက်ရန် အစိုးရအနေဖြင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုနည်းပါးကြောင်းဝန်ခံ ပြောဆိုခဲ့သည်။[၄၄] မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းကဲ့သို့သောအမှုများသည် ဝယ်ယူ သုံးစွဲသူများက လိုလိုချင်ချင်သုံးစွဲလိုသောသဘောရှိ၍ ၎င်းအမှုများပပျောက်သွားရန်နှိမ်နင်း ရာတွင်အခက်အခဲများတွေ့ရှိနိုင်ပြီး ရေရှည်စီမံကိန်းများချမှတ်ရမည်ဖြစ်သော်လည်း သက်ငယ် မုဒိမ်းမှုကဲ့သို့ပြစ်မှုများသည် ကျူးလွန်ခံရသူ၏စိတ်ဆန္ဒလုံးဝမပါရှိဘဲ မတရားသဖြင့်ခံစားရ သောအမှုများဖြစ်သဖြင့် အချိန်နှင့်တစ်ပြေးညီနှိမ်နင်းသွားရန်နှင့် ထိရောက်ဟန့်တားနိုင် သောဥပဒေများချမှတ်ဆောင်ရွက်သွားရန် အမှန်တကယ်လိုအပ်နေသည့် အချိန်အခါပင်ဖြစ် ပါသည်။ ထို့ကြောင့် ဤစာတမ်းတိုတွင် မိဘများသော်လည်းကောင်း၊ အုပ်ထိန်းသူများ သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနအသီးသီးသော်လည်းကောင်း၊ ကလေးသူငယ်များကို နှိပ်စက်ညှင်းပန်းခြင်းနှင့်ပတ်သက်၍ ကာကွယ်နိုင်ကြရန် ၊ ဥပဒေအကြောင်းအရာများဖြင့် အကာအကွယ်ယူနိုင်စေရန်၊ တားဆီးနိုင်ရန်နှင့်အဆိုပါအမှုများ လုံးဝပပျောက်ကင်းမဲ့ ပပျောက် စေရန်အတွက် တစ်ဖက်တစ်လမ်းမှအထောက်အပံ့ဖြစ်စေရန်လို့ငှာ တင်ပြထားခြင်းဖြစ်ပါ သည်။ မှုခင်းဆိုင်ရာနှင့်ပတ်သက်၍ အကျယ်တဝင့်သိလိုသော ဥပဒေအကြောင်းအရာနှင့် ကိစ္စရပ်များကိုမူ ကျွမ်းကျင်သူပညာရှင်များနှင့်မေးမြန်းဆွေးနွေးရမည်ဖြစ်ပါသည်။




**Source:** Child Abuse images in Google

၄၄။ ခင်မြတ်မြင့်ဝေ (ရန်ကုန်၊ နိုဝင်ဘာ ၂၄)၊စာ-၁၀ ၊ ၂၅.၁၁.၂၀၁၆၊ နိုင်ငံရေးဂျာနယ်